# စပရင်းရာသီ ချယ်ရီပန်းတွေ ဝေဝေသီတိုင်း

**အရှင်ဉာဏိက**



ခေတ်မီတိုးတက်တဲ့ လူ့အသုံးအဆောင်စွမ်းအားများရဲ့ အကူအညီကြောင့် ချမ်းအေးမှုဒဏ်ကို တိုက်ရိုက်မခံစားရပေမယ့် လပေါင်းများစွာ ရာသီဥတုရဲ့ အအေးလွန်ကဲမှုများနဲ့တွေ့ရတတ်တဲ့ အမေရိက နေသူများအတွက်တော့ ပျော်ရွှင်ဖွယ်နေ့ရက်တွေဟာ တစ်နေ့ထက်တစ်နေ့ နီးလို့လာခဲ့ပါပြီ။

ရေခဲမှတ်အောက်ရောက်အောင် အနုတ်လက္ခဏာဖက် ကျသွားလေ့ရှိတဲ့ အအေးလှိုင်းများ၊ ရေခဲမိုးများ၊ စနိုးမုန်တိုင်းများကြားမှာ နေရတတ်တဲ့ ဆောင်းကြမ်းကြမ်း တစ်ခုအောက်ကနေ လွတ်မြောက်ကြရတော့မှာမို့ သက်ရှိ လူသားများ အပါအဝင် သတ္တမျိုးနွယ်စု တစ်ခုလုံးနဲ့ သက်မဲ့သစ်ပင်ပန်းမာလ်တို့ကအစ ဒီအချိန်အခါကို မျှော်တကြ စမြဲပါ။

ရေဒီယိုနဲ့ ရုပ်သံလိုင်းတို့မှာ စပရင်းတေးသံတွေ လွင့်ပျံလို့လာခဲ့သလို နေ့စဉ်ထုတ် သတင်းစာများနဲ့ မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ စပရင်းကြို နှုတ်ခွန်းဆက်စကားတွေကို ဦးစားပေးနေရာက ဖော်ပြလို့ နေကြပါပြီ။

နွေးထွေးမှုတွေနဲ့ လွှမ်းခြုံလာခဲ့တဲ့ ဒီစပရင်းရာသီမှာ ပန်းရနံ့တွေနဲ့ သင်းထုံလှတဲ့ လေပြေလေညင်းဟာ ငြိမ့်ငြောင်းစွာ တိုက်ခတ်လို့ လာတတ်ပါတယ်။ မိုးစက်မကြမ်း နှင်းမဖျန်းပဲ အေးချမ်းမှုအတိနဲ့ ကြည့်ရှုလေရာ ရပ်ဝန်းတိုင်းမှာ ရောင်စုံပန်းအလှတို့နဲ့ ဝေဆာနေတတ်တဲ့ ဒီစပရင်းရာသီဦးဟာ ရွှင်မြူးနှစ်သက်စရာ တသလွမ်းမောစရာ ဖြစ်ရတာတော့ အမှန်ပါပဲ။

ဟောဒီ စပရင်းရာသီဦးဟာ ချယ်ရီတွေ မြိုင်မြိုင်ဖူးတဲ့ အချိန်အခါပေ့ါ၊ ဝါရှင်တန်ဒီစီနဲ့ ဝါရှင်တန်အနီးအနားမြို့များမှာ နေထိုင်ကြတဲ့သူတွေက ဝါရှင်တန်ဒေသကိုလာလျှင် ချယ်ရီပွင့်တဲ့အခါမှာလာဖို့ တခုတ်တရ ပြောဆိုတတ်ကြတာပါ၊ ဝါရှင်တန်ရဲ့ ဗဟိုချက်မလို့ ပြောလို့ရကောင်းတဲ့ အမေရိကန်သမ္မတအိမ်တော်ရယ်၊ လွှတ်တော်အဆောင်အအုံကြီးရယ်၊ ကမ္ဘာကျော်ပြတိုက်ကြီးတွေရယ်၊ လင်ကွန်းအထိမ်းအမှတ် အဆောက်အအုံနဲ့ သောမတ်ဂျက်ဖာဆင် အထိမ်းအမှတ် အဆောက်အအုံစတဲ့ အမေရိကရဲ့ အထင်ကရ သင်္ကေတတွေနဲ့ခြံရံပြီး အလယ်မှာ ခန့်ငြားထည်ဝါစွာ လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ကြီး (Washington Monument)တည်ရှိလေတဲ့ ကျယ်ပြောလေတဲ့၊ ကျယ်ပြောလှတဲ့ ကွင်းကြီးထဲက ရေကန်ကြီးနံဘေးမှာ ချယ်ရီပင်တွေကို စနစ်တကျ စီတန်းလို့ စိုက်ပျိုးထားတာပါ။

စပရင်းရာသီရောက်လို့ ချယ်ရီတွေ ဖူးပွင့်လေတိုင်း ကမ္ဘာအရပ်ရပ်က ခရီးသွားတွေ၊ အမေရိကန်နိုင်ငံသားတွေဟာ သန်းနဲ့ချီပြီး ဒီဒေသကို စုဝေးရောက်ရှိလို့ လာလေ့ရှိပါတယ်၊ ပန်းချယ်ရီတွေက ဒီလောက်ထိ ဆွဲဆောင်နိုင်တာပါ။

တကယ်တော့ ဒီချယ်ရီတွေဟာ အမေရိကရဲ့ ဒေသပန်းတွေတော့ မဟုတ်ကြပါဘူး၊ ဟိုလွန်ခဲ့တဲ့ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက အမေရိကကို အလည်ရောက်လာခဲ့တဲ့ ဂျပန်ဘုရင် ဟီရိုဟီတိုမင်းမြတ်က လက်ဆောင်အဖြစ်ပေးခဲ့တဲ့ ပန်းမျိုးတွေပါ၊ ဂျပန်မျိုးနွယ်တွေပေါ့၊ သူ့နေရာ၊ သူ့ဒေသ၊ သူ့ရေမြေ မဟုတ်သော်လည်း လှပတဲ့သဘာဝကိုပိုင်ဆိုင်ထားတဲ့ ပန်းချယ်ရီတွေဟာ ကျရာအရပ် ပေါက်ရာဒေသမှာ ဝင့်ကြွားစွာ ပွင့်ပြရင်း ပန်းသတင်းကို လေညင်းနဲ့အတူ ဖြန့်ခင်းလို့နေပါတယ်၊ အမေရိကရဲ့ အဓိကအကျဆုံးနေရာမှာ ချယ်ရီပန်းတွေဟာ အလှတွေနဲ့ ဝေဆာလို့ပေါ့၊ မိမိမူလ သဘာဝဇာတိဂုဏ်ကို အစွမ်းကုန် လှစ်ဟပြသနေတယ်လို့ ဆိုရမလောက်ပါ။

ချယ်ရီပွင့်ချိန် ဝါရှင်တန်ကိုရောက်သူတိုင်း ချယ်ရီတွေက ပြောတဲ့သမိုင်းကို သတိရမိတတ်ကြပါတယ်၊ တိုက်တိုက်ဆိုင်ဆိုင် ဝါရှင်တန်ကို ချယ်ရီပွင့်ချိန်မှာရောက်ခဲ့တဲ့ စာရေးသူကတော့ ချယ်ရီနဲ့ တစ်နည်းတစ်ဖုံ ဆက်နွယ်နေတဲ့ သမိုင်းတစ်စွန်းတစ်စကို အထူးပင် သတိရလို့နေမိပါတယ်၊ ဒီသမိုင်းတစ်စကို ကြားသိခဲ့ရတာကတော့ ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော်ဘုရားကြီး အထံတော်ကပါ။

ဩဝါဒစကားမြွက်ကြားတိုင်း မကြာမကြာ အမိန့်ရှိတတ်တာကြောင့် စာရေးသူအပါအဝင် တပည့်အများစုဟာ ဒီဩဝါဒစကားကို ကြားဖူးသူများပါတယ်၊ ဒီဩဝါဒကို ကြားမိတိုင်း ရဲရင့်မှု သူရသတ္တိနဲ့အတူ တာဝန်ခံစိတ်အပြည့်ရှိတဲ့ ဂျပန်ဧကရာဇ်ဘုရင်နဲ့ စစ်ရှုံးသူရယ်လို့ မထီမဲ့မြင် မပြဘဲ သူရဲကောင်းတစ်ယောက်ရဲ့ စိတ်ဓာတ် အပြည့်အဝ ပြသွားလေတဲ့ အမေရိကန် စစ်ဗိုလ်ချုပ်ကြီး ဒေါက်ဂလပ်စ် မက်ကာသာတို့ရဲ့ စိတ်ဓာတ်တို့ကို လေးစားအားကျ ဖြစ်ရစမြဲပါ။

“ဒီစစ်ဖြစ်ရတာဟာ နောက်လိုက်ငယ်သားတွေရဲ့ အဖြစ်မဟုတ်ပါဘူး၊ သူတို့မှာ တာဝန်မရှိပါဘူး၊ ဦးစီးခေါင်းဆောင်ဖြစ်တဲ့ မိမိမှာသာ တာဝန်ရှိပါတယ်” လို့ တာဝန်ခံပြောကြားသွားလေတဲ့ ဂျပန်ဧကရာဇ်ဘုရင်ရဲ့ သူရသတ္တိဟာ တကယ့်ကိုမှ ကြည်ညိုလေးစားစရာပါ။

ကောင်းလျှင် စံဝန့်သူ မရှားပေမယ့် မကောင်းလျှင် ခံဝန့်သူရှားတဲ့ ခေါင်းဆောင်ဆိုသူအများကြားမှာ မကောင်းတာပေမယ့် ခံဝန်တဲ့ ဂျပန်ဘုရင်ကြီးဟာ ဂျပန်ပြည်သူများအတွက် ရခဲတဲ့ ဒုလ္လဘတစ်ပါးကို ရခြင်းပဲလို့ ဆိုရမှာပါ၊ ဒါကြောင့်လည်း ဂျပန်ပြည်သူ အများစုရဲ့ ချစ်ကြည်မှုကို ခံရတဲ့ ဘုရင်တစ်ပါးဖြစ်ရတာဟာ ဆန်းတယ်လို့ မဆိုသာပါဘူး။

“အများကောင်းကျိုးအတွက် ကိုယ်ကျိုးမဖက်ဘဲ ထမ်းရွက်ခဲ့လေတဲ့ သူတို့အတွက် သမိုင်းစာမျက်နှာထက်မှာ မှတ်တမ်းတစ်နေရာဟာ လှပခမ်းနားစွာ ထင်ကျန်စမြဲပါ၊ ဖျက်သော်လည်း မပျက်၊ ခြေသော်လည်း မကြေနိုင်တဲ့ အရာတွေဟာ စွန့်လွှတ်စွန့်စားသူတို့ရဲ့ ဂုဏ်သတင်းများပါ”။

ခေါင်းမရှောင်တတ်တဲ့ ခေါင်းဆောင်ကောင်းတို့ရဲ့ စိတ်ထားမွန်တို့အကြောင်းတွေကို ကြားသိရတော့ ကြည်ညိုအားကျ ဖြစ်ရသလို သူတို့ရဲ့ စံနမူနာများကိုလည်း ယူလိုစိတ်တွေ ဖြစ်ရပါတယ်၊ ခေါင်းဆောင်ကောင်းတို့ရဲ့ နောက်ကနေလိုက်ကြရတဲ့ အောက်လက်ငယ်သားတို့ရဲ့ ဘဝကြီးငယ်တွေအတွက်လည်း ပီတိဖြာ ဝမ်းသာရပါတယ်။

ပဏ္ဍိတာနဉ္စသေဝနာ–ပညာရှိသူကို မှီဝဲဆည်းကပ်ခြင်း၊ သပ္ပုရိသူပနိဿယ–သူတော်ကောင်း သူတော်မွန်တို့ရဲ့ အဆုံးအမ ဥပနိဿယကောင်းကို ရယူခြင်းစတဲ့ စကားတို့ရဲ့ အဓိပ္ပါယ်တို့ဟာလည်း ပိုပြီးလေးနက်ခိုင်မာစွာ ထပ်လောင်း နားလည်လို့ လာရပါတယ်။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းရိပ်သာ ဩဝါဒါစရိယဆရာတော်ကြီးအနေနဲ့ ဂျပန်ဘုရင်ကြီးရဲ့သူရသတ္တိနဲ့ တာဝန်ယူမှု အခန်းကဏ္ဍကို မကြာမကြာမိန့်လေ့ရှိတာက သူ့တပည့်သားတွေကို ဂျပန်ဘုရင်ကြီးလို အများအတွက် တာဝန်ယူ

တတ်တဲ့ စိတ်ဓာတ်မျိုးနဲ့ ကိုယ်ကျိုးမဖက် အများကောင်းကျိုးအတွက် ဆောင်ရွက်ပေးစေလိုတဲ့ စိတ်ဓာတ်မျိုးတွေ ကိန်းတည်စေချင်လို့ ဖြစ်မှာပါ။

ဆရာတော်ဘုရားကြီး အနီးအပါးမှာ နှစ်များစွာ ဆည်းကပ်ခွင့်ရခဲ့တဲ့ စာရေးသူတို့အနေနဲ့တော့ သမိုင်းစာမျက်နှာ များပေါ်မှာရှိတဲ့ ဂျပန်ဘုရင်ကြီးရဲ့ တာဝန်ယူမှုစိတ်ဓာတ်မျိုးကို ဆရာတော်ကြီးအထံမှာလည်း တွေ့မြင်နိုင်တာမို့ နည်းယူစံပြုဖွယ်တွေကို သမိုင်းစာမျက်နှာ လှန်ရှာနေစရာမလိုပဲ မျက်ဝါးထင်ထင် ကိုယ်တွေ့ သိမြင်ခွင့် ရလို့နေပါ တယ်။

ခေါင်းဆောင်ကောင်းနောက်က လိုက်ပါခွင့်ရခြင်းအတွက်လည်း ကြည်နူးကျေနပ်ဖြစ်လို့ နေမိပါတယ်၊ "မိတ်ကောင်း ဆွေကောင်း ဆရာကောင်းသမားကောင်းကို ပေါင်းသင်းမှီခိုခွင့်ရသူအနေနဲ့ မိမိရဲ့ အကျိုးကိစ္စ တစ်ဝက်သာမက အ ကျိုးကိစ္စအားလုံးကို ပြီးမြောက်စေတယ် ချစ်သားအာနန္ဒာ" ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ စကားတော်ကိုလည်း အခါခါ သတိရ လို့နေမိပါတယ်။

စပရင်းရာသီရောက်လေတိုင်း မြူးတူးပျော်ရွှင်ကြ၊ နိုင်ငံအတွင်း ဟိုဟိုဒီဒီ ခရီးသွားကြတာဟာ အမေရိကရဲ့ ဓလေ့ တစ်ခုအလား ဖြစ်နေပါပြီ၊ ဒီအချိန်မှာ ဝါရှင်တန်ဟာ ခရီးသွားတွေနဲ့ ပြည့်လျှံစည်ကားလို့ နေစမြဲပါ၊ တော်ဝင်အနွယ် ချယ်ရီတွေလည်း ပင်လုံးညွတ်မျှ ပွင့်နေပြီပေါ့။

ဒီချယ်ရီတွေရဲ့ မူလသခင်ဟာ ဂျပန်ဧကရာဇ်ဖြစ်တာကြောင့် သမိုင်းနောက်ကြောင်း ကောင်းခဲ့လေတဲ့ တော်ဝင်ပန်း ဘုရင်တွေလို့တောင် ပြောရမှာပါ၊ ပန်းချယ်ရီတွေဟာ ဝါရှင်တန်ရဲ့ ထူးခြားတဲ့ အလှအဖြစ် ကမ္ဘာအရပ်ရပ်ကသူတွေ စုံရောက်ရှိလာအောင် ဆွဲဆောင်နိုင်မှုမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။

ဒီအမေရိကရဲ့ စပရင်းရာသီ ဖူးပွင့်ဝေသီတဲ့ ပန်းချယ်ရီတွေနဲ့အပြိုင် အမိမြန်မာနိုင်ငံမှာဆိုရင်လည်း နွေဦးရာသီ ရောက်လို့နေပြီမို့ ပိတောက်ရွှေဝါ ဖူးပွင့်ဖြာလို့ ရန့်ကြိုင်သင်း ပင်ယံမှာ ဝါဝါဝင်းဖို့ တာစူနေလောက်ပြီ၊ အတာနှစ်ဦး တစ်နှစ်ကူးဖို့လည်း နီးခဲ့ပြီပေါ့၊ နှစ်ဟောင်းညစ်ကြေး အတာရေနဲ့ဆေးတဲ့ မြန်မာ့ဓလေ့ ပျော်မွေ့ဖွယ် ဟန်ပန်တို့လည်း သက်ဝင်လှုပ်ရှားကာ နေလောက်ပြီပေါ့။

စာအံသံတိတ် ကျောင်းတံခါးတွေပိတ်လေ့ရှိတဲ့ ဒီအချိန်ကာလမှာ လူငယ်မောင်မယ်တို့ရင်တွင်း ဗုဒ္ဓသာသနာသွေး တွေ နွေးထွေးနေစေဖို့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော်ကြီးရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ နှစ် စဉ်ကျင်းပပြုလုပ်လေ့ရှိတဲ့ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကြီးများလည်း တောရောမြို့ပါ ရွှေတောင်ကုန်းသာသနာ့ ရိပ်သာများမှာ ဝှဲချီးကျင်းပကာ နေလောက်ပြီ။

ဗုဒ္ဓသာသာသနာရဲ့ အငွေ့၊ အလေ့၊ အတွေ့ဓာတ်ကောင်းတွေနဲ့ ထုံမွှန်းပေးပါမှ စစ်မှန်တဲ့ ဗုဒ္ဓသာသနာဝင်ကောင်းတွေ ဖြစ်နိုင်မယ်ဆိုတဲ့ ရည်ရည်ချက်တွေနဲ့ ပြုလုပ်ပေးခဲ့တဲ့ ဒီသင်တန်းများကနေ ထွက်ပေါ်လာတဲ့ မျိုးဆက်သစ်တို့ဆို လျှင်လည်း ပြည်တွင်းပြည်ပမှာ တွေ့မြင်လို့ နေကြရပြီ။

"နို့တိုက်ကျွေးရမည့်အချိန်မှာ နို့ချိုလုံလောက်စွာ မရလို့ နို့မျက်သား၊ အာဟာရ ကျွေးရမည့်အချိန်မှာ အာဟာရ မရလို့ အာဟာရ ချို့တဲ့တဲ့ သားကလေးဟာ ပုတယ်၊ပိန်တယ်၊ ကိုယ်လုံးကိုယ်ထည် မဖွံ့ဖြိုးဘူး၊ ဗိုက်ပူ နံကားလေး ဖြစ်နေတယ်၊ ခန္ဓာကိုယ်ကြီးထွားနှုန်း ကုန်သွားတဲ့အချိန်ရောက်မှ ကျွေးမွေးတဲ့ အာဟာရတွေဟာ သန်မာထွားကျိုင်း ဖို့ အရပ်အမောင်းတက်၊ ကိုယ်လုံးထွက်ဖို့ မထိရောက်တော့ဘူး။ အဲဒီဉပမာလို ကလေးတွေကို ငယ်စဉ်ကပဲ ဗုဒ္ဓယဉ် ကျေးမှုနို့ချို၊ ဗုဒ္ဓယဉ်ကျေးမှု အာဟာရတွေကို တန်သလောက် တိုက်ကျွေးပေးရတယ်၊ အရွယ်ကြီးခါမှ တိုက်ကျွေးရင် ငယ်ရွယ်စဉ်က တိုက်ကျွေးသလောက် ခရီးမရောက်တော့ဘူး" ဆိုတဲ့ ခံယူချက်ဟာ ဒီလိုယဉ်ကျေးမှုသင်တန်းတွေ ဖြစ်ပေါ်လာဖို့ အခြခံအကြောင်းရင်းတွေပဲ ဖြစ်မှာပါ။

ဒါကြောင့် ဒီက စပရင်းရဲ့ ချယ်ရီနဲ့အပြိုင် အမိနိုင်ငံမှာဆိုလျှင် ပိတောက်ရနံ့သာ သင်းပျံ့ကြိုင်လေတာ မဟုတ်ပဲ ယဉ်ကျေးမှု အလှပန်းများလည်း ပွင့်လန်းကာနေလောက်ပြီရယ်လို့လည်း မျှော်ရည်မှန်း လွမ်းနေမိပါသေးတယ်။

ဂျပန်ဧကရာဇ်ဘုရင်ရဲ့ လက်ဆောင်ဖြစ်တဲ့ ချယ်ရီပန်းတွေရဲ့အလှဟာ သူ့အတိုင်းအတာနဲ့သူတော့ မြတ်နိုးစရာဖြစ်တာ အမှန်ပါ၊ သို့ပေမယ့် ဘယ်ပန်းတွေ ဘယ်လိုဝေဝေ၊ ဘယ်မြေမှာ ဘယ်လိုလန်းလန်း၊ ခဏပန်း ယာယီ အလှတွေသာပါ၊ ဦးခေါင်းမှာ ပန်ဆင်ပန်ဆင်၊ ရွှေရင်မှာ သီလို့ဆွဲဆွဲ၊ ပန်းချစ်သူ့ရင်မှာ နှစ်သက်ရွှင်မြူး ကြည်နူးစရာဖြစ်ပေမယ့် ရင်တွင်းမှာ ကိန်းတည်နေတဲ့ ကိလေသာအညစ်အထေးတွေကိုတော့ ကင်းဝေးသွားအောင် ပြုလုပ်ပေးနိုင်မယ်၊ ဆေးကြောပေးနိုင်မယ် မဟုတ်ပါဘူး။

မတရားလိုချင်မှုတွေ၊ သိမ်းပိုက်ဖျက်ဆီး အနိုင်ယူမှုတွေ၊ ခက်ထန်မာကြော မိုက်မဲမှုတွေ၊ တွေဝေ ငြူစူ ဝန်တိုမှုတွေ စတဲ့ ဘဝအဆင့်အတန်းတွေ နိမ့်ကျသည်ထက် နိမ့်ကျအောင်ဖန်တီးတတ်တဲ့ မကောင်းတရားတွေ ဖယ်ရှားနိုင်တာကတော့ ဓမ္မဆိုတဲ့ ထာဝရ အလှပန်းများသာ ဖြစ်ပါတယ်။

ဓမ္မပန်း ဆင်မြန်းခွင့်ရသူအတွက်တော့ အခြားသောပန်းတွေဟာ ဘာမှပြောပလောက်စရာ မဟုတ်တော့တာ အမှန်ပါပဲ၊ ဒါကြောင့် အဖိုးအနဂ္ဃပြည့်ဝလေတဲ့ ဓမ္မပန်းများ ကမ္ဘာတစ်ခွင် ထာဝစဉ် လန်းဆန်းနေစေဖို့အတွက် တတ်အားသမျှ ကြိုးစားကြရမှာပါ။

တစ်နည်းအားဖြင့် ထူးခြားတာကတော့ ဒီစပရင်းရာသီရောက်လေတိုင်း အမိမြန်မာပြည်က ဆရာတော်ကြီးများပြည်ပဓမ္မဒူတ၊ ဓမ္မဂုဏ်ရည်ပြခရီးအဖြစ် အမေရိကကို ကြွချီလာလေ့ရှိတာပါပဲ၊ ဂျပန်နွယ်ဖွား ပန်းချယ်ရီတွေဟာ အမေရိကရဲ့ အထိကရနေရာမှာ ပွင့်ဖူးဝေဆာလို့နေသလို မြတ်ဗုဒ္ဓရဲ့ဓမ္မပန်းများဟာလည်း အမေရိကနေ လူသားအချို့ရဲ့ နှလုံးသားတစ်နေရာမှာ ဖူးပွင့်ဝေဆာလို့ နေပါပြီ။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသာနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော်ဘုရားကြီးဟာ မြတ်ဗုဒ္ဓရဲ့ဓမ္မပန်းများစိုက်ပျိုးကြဲဖြန့်တဲ့ ဓမ္မပန်းပျိုးသူများထဲမှာ အထူးထင်ရှားလှတဲ့ ဆရာတော်ကြီး တစ်ပါးပါ။ အမေရိက အပါအဝင် ကမ္ဘာ့နေရာဒေသ အတော်များများမှာ အမွန်မြတ်ဆုံး လက်ဆောင်အဖြစ် ဆရာတော်ဘုရားကြီး ပေးဝေဖြန့်ချိစိုက်ပျိုးခဲ့တဲ့ ဓမ္မပန်းမျိုးစေ့များဟာ ပင်ကြီးပင်ငယ် အရွယ်စုံပေါက်ပွားနေသလို ဓမ္မပန်းများဆိုလျှင်လည်း ကမ္ဘာတစ်ခွင် လန်းဖြာကြိုင်သင်းလို့နေပါပြီ။

တစ်စေ့မှ တစ်ပင်၊ တစ်ပင်မှသည် ရာ၊ ထောင်၊ သိန်း၊ သန်းစသည်ဖြင့် ပြန့်ပွားနိုင်စေဖို့ ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ဥယာဉ်မှူးလောင်းများကိုလည်း စနစ်တကျ ပြုစုမွေးထုတ်ပေးနေပါပြီ။

“သစ်တစ်ပင်ကောင်းက ငှက်တစ်သောင်းနား” ဆိုသလို သစ်တစ်ပင်ကောင်းနဲ့အလားတူတဲ့ ဆရာတော်ဘုရားကြီးအရိပ်အောက်မှာ ခိုနားရတဲ့အတွက် တပည့်အပေါင်းဟာလည်း ချမ်းသာကြီးပွားကြရပါတယ်၊ တာဝန်သိသူမှာ တာဝန်ဆိုတာ ရှိစမြဲပါ၊ ဒါကြောင့် ဆရာတော်ဘုရားကြီး အရိပ်အောက်မှာ အသာတကြည် ငြိမ်းချမ်းစွာ နားခိုပြီးနေရုံနဲ့ တပည့်ကောင်းတစ်ယောက်တာဝန်ပိုင်းဟာ ပြီးပြည့်စုံပြီရယ်လို့ ဆိုနိုင်မယ် မဟုတ်ပေဘူး။

“ငှက်တစ်ကောင်ကောင်းက အပင်တစ်သောင်းပွား”နိုင်ဖို့လည်း လိုပါလိမ့်ဦးမယ်၊ ဒီတာဝန်ကတော့ တပည့်အများရဲ့တာဝန်သာပဲဖြစ်ပါတယ်။

ဒါကြောင့် ဆရာ့အတု စံနမူနာယူကာ ဆရာတော်ဘုရား ချမှတ်ထားတဲ့ လမ်းစဉ်များကို ရိုသေစွာနာခံရင်း ဓမ္မပန်းများ အစဉ်ထာဝရ လန်းဆန်းနေစေဖို့ လက်ဆင့်ကမ်းဖြန့်ဝေကြ၊ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမယ့် တာဝန်ကတော့ စာရေးသူတို့အပါအဝင် တပည့်သားကောင်း၊ သမီးမွန်များရဲ့ တာဝန်သာပဲ ဖြစ်ပါတော့တယ်။ ။

ပဏ္ဍိတာရာမသာသနာ့ရိပ်သာ ဩဝါဒဆရာတော်ကြီးသို့ ဂါရဝဖြင့်



